# မော်တော်ယာဉ် ဝယ်ယူ/ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အခွန်ရှင်းလင်းခြင်းဆိုင်ရာ သိကောင်းစရာများ

၁။ မော်တော်ယာဉ် ဝယ်ယူခြင်း/ ရောင်းချခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆောင်ရွက်လိုပါက မော်တော်ယာဉ်စံနှုန်းသတ်မှတ်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်း၊ အခွန်ပေးဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၂။ မော်တော်ယာဉ်စံနှုန်းသတ်မှတ်ခြင်း၊ အခွန်စည်းကြပ်မှုဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ –

(က) ပြည်တွင်းထုတ်မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်းနှင့် တစ်ဆင့်ဝယ်ယူ၍ မော်တော်ယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်းဖြစ်ပါက အခွန်ထမ်းနေထိုင်ရာမြို့နယ်ရှိ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း၊

(ခ) ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းကိစ္စဖြစ်ပါက ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းအတွက် ကျသင့်ဝင်ငွေခွန်ကောက်ခံရေးအဖွဲ့ရုံးများတွင်လည်းကောင်း ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ အခွန်ထမ်းပြည်သူများအနေဖြင့် မော်တော်ယာဉ် ဝယ်ယူခြင်း/ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အခွန်ပေးဆောင်ခြင်းကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည် –

(က) မော်တော်ယာဉ် ဝယ်ယူခြင်း/ အမည်ပြောင်းခြင်းကိစ္စရပ်များ ဆောင်ရွက်လိုပါက အခွန်ထမ်းနေထိုင်ရာ သက်ဆိုင်ရာမြို့နယ်အခွန်ရုံးသို့ ဝင်ငွေကြေညာလွှာတင်သွင်းပြီး ဝယ်ယူခြင်းအတွက် ဝင်ငွေရလမ်းတင်ပြနိုင်ပါက ဝင်ငွေရလမ်းတင်ပြခြင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပုဒ်မ ၂၅ ပါ အခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

(ခ) မော်တော်ယာဉ် ရောင်းချခြင်းကိစ္စရပ်များ ဆောင်ရွက်လိုပါက အောက်ပါ အတိုင်းလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည် –

(၁) အခြေပစ္စည်း လွှဲပြောင်းရောင်းချသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခွန်ထမ်းနေထိုင်သည့်သက်ဆိုင်ရာမြို့နယ်အခွန်ရုံးသို့ ဝင်ငွေကြေညာလွှာ တင်သွင်းခြင်းနှင့် ကျသင့်အခွန်ကို ခန့်မှန်းတွက်ချက်ပေးသွင်းခြင်းတို့ကို ဆောင်ရွက်ရပါမည်၊

(၂) သတ်မှတ်ထားသည့်တန်ဖိုးအပေါ် မူလအဝယ်တန်ဖိုးနှင့် ယင်းပစ္စည်း လွှဲပြောင်းရောင်းချရာတွင် ဖြည့်စွက်အသုံးပြုခဲ့ရသည့် ကုန်ကျစရိတ်များအား ခွင့်ပြုနုတ်ပယ်ပြီး ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ မြတ်စွန်းသည့်ငွေအပေါ် ၁၀% ဖြင့် ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပါသည်၊

(၃) နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန် ပေးဆောင်ရန် မလိုအပ်ပါ။

**ပြည်တွင်းအခွန်များဦးစီးဌာန**<br>
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**